မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၀ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်အား ယင်းဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါ်မော်မော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့်<br>နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးဖေဇင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စွမ်းအင်စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စွမ်းအင်စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန |

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (ဂ) | ပါမောက္ခဒေါက်တာဒေါ်သိင်္ဂီလှိုင်<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု<br>နည်းပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ပါမောက္ခဒေါက်တာရွှေတိုး<br>ပါမောက္ခ/ဌာနမှူး<br>မေးရိုးနှင့်ခံတွင်းဆေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

## ကြေညာချက်အမှတ် (၁/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

### ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃) ကို ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ရယူနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃ နှင့် ပုဒ်မ ၂၁၂ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၅၂ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် (၂၀၁၃ ခုနှစ်၊ မေလ ၂၀) ရက် တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

**အတွင်းရေးမှူးတာဝန် ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/သမ္မတရုံးအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းကိစ္စအရပ်ရပ်ကို ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်လိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ

## (၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၀။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် )

**နိဒါန်း**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနဦးစီးဌာနကို ဆိုသည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာ လက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ် ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်း နေရာကို ဆိုသည်။

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ**ဆိုရာတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက် အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ် ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ဗိသုကာလက်ရာမြောက်သည့် အဆောက် အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့်ပန်းချီ၊ သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူသားတို့ ခိုအောင်းနေထိုင်ခဲ့သော လူဖန်တီးသည့်ဂူ၊ ကမ္ပည်းကျောက်စာ၊ မော်ကွန်း၊ လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံအကြွင်းအကျန်၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်နှင့် ယင်းတို့၏ အကြွင်းအကျန်တို့ကို ဆိုသည်။

(ဋ) **ရှေးဟောင်းနေရာ**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်း စစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်းအဆောက်အအုံ တည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်းကို ဆိုသည်။

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရိဝုဏ်**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်သော အဝန်းအဝိုင်းနယ်နိမိတ်ကို ဆိုသည်။

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဎ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်**ဆိုသည်မှာ ရှေးဟောင်းနေရာတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဏ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်မြင်ကွင်း၊ ရှေးဟောင်းအထိမ်း အမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေး အတွက် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်း အမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ် ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ စိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်နိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် လိုအပ်လျှင် မည်သည့်မြေကိုမဆို သိမ်းယူရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အစိုးရဌာန သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသောမြေဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း

အပျက်အစီး အန္တရာယ်ဖြစ်စေသည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံမဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းစေနိုင်သည်။

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာ ပြောင်းလဲခြင်းမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံ ဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၉။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၀။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာမှ သတ်မှတ်သည့် နယ်နိမိတ်အတွင်း မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်း မပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၁။ ဦးစီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါကိစ္စများ ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခု၏ ပရိဝုဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရိဝုဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

## အခန်း (၅)
## ကော်မတီဖွဲ့စည်းခြင်း

၁၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ ကျွမ်းကျင်သူ ပညာရှင်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၃။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့်သုတေသနပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဦးစားပေး ထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ယင်းပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း။

(ဆ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ်တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

## အခန်း (၇)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၄။ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

၁၅။ (က) ကော်မတီသည် ပုဒ်မ ၁၄ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဒ်မ ၁၄ ပါကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ ကော်မတီသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့် အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်သူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှအပ အခြားအဆောက်အအုံ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံများမှအပ အခြားအဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၆ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၈)

## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၁၈။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် နိုင်သည်။

၁၉။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ် များ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနမှပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၂၀။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။

၂၁။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါတစ်ခုခု မပြုလုပ်ရ -

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း။

၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်း ရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၂၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၂၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအလိုက်သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၂၅။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခြင်း မပြုရ။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ၊ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၂၃ မှ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၁ (ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြုလုပ်စေခြင်း။

၃၀။ မည်သူမဆို ပုဒ်မ ၂၉ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးအသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၃၁။ (က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန်အကြောင်း ပေါ်ပေါက်လျှင် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ
## (၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၁။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လမ်းများ၊ တံတားများ**ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုသည်။

(င) **လမ်း**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောလမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကို ဆိုသည်။

(စ) **တံတား**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကို ဆိုသည်။

(ဆ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန် ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်။

(ဇ) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်။

(ဈ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်။

(ည) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်။

(ဋ) **အသုံးပြုသူ**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ သတ်မှတ်သောလမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်။

(ဌ) **အသုံးပြုခြင်း**ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုလိုသည်။

(ဍ) **အသုံးပြုခ** ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သောလမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(ပ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရေး ကြီးကြပ်ရန် အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်။

(ဖ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းဖြင့် မြို့နယ်တစ်ခုနှင့်တစ်ခု၊ ခရိုင်တစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုလွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းနှင့်တံတားများ တိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့်တံတားများဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးအဖွဲ့ စီမံကိန်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်းနှင့်တံတားများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းနှင့်တံတားများ၏ နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့်အဆောက်အဦ ဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ အစိုးရအဖွဲ့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ -

(က) အသုံးပြုခကောက်ခံရမည့် လမ်းနှင့်တံတားကို သတ်မှတ်နိုင်သည်။

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထား သတ်မှတ်နိုင်သည်။

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်။

(ဃ) အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၇။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း (၄)
## တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်း များနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၊ တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ရေးအတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များ စိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ လမ်းပခုံးသားအကျယ် သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ တိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့်ယာဉ်နှင့် ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ **ယာဉ်နှင့်လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း** သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဌ) တိုင်းဒေသကြီးအတွင်းရှိ လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ဍ) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသောယာဉ်နှင့် ဝန်တင်အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့်တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၉။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၀။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်း မပြုရ။

၁၁။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

၁၂။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း-တံတားဂိတ်များတွင် မရိုးမဖြောင့်သောဖြင့် လမ်း-တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့် တန်ပိုတင်ဆောင်လာကာ ယာဉ်ငယ်များဖြင့်ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်းတို့ မပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၃။ အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူကို ပေးဆောင်ရန်ပျက်ကွက်လျှင် အစိုးရအဖွဲ့၏ သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုခနှင့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ **၁၀** ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၅။ မည်သူမဆို ပုဒ်မ **၁၁** ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်-ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပို ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ **၁၂** ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်လထက်မပိုသောထောင်ဒဏ် ကျခံစေရမည်။

၁၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၈။ မည်သူမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံ စိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း/တံတားဂိတ်များတွင် မရိုးမဖြောင့် သောသဘောဖြင့် လမ်း/တံတားအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်လာခြင်းအား ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း။

၁၉။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပျက်စီးခြင်းမှ ကာကွယ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများတွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော် လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း။

## အခန်း (၇)
## အထွေထွေ

၂၀။ အစိုးရအဖွဲ့လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး လမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၂၁။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူသိရှိနိုင်စေရန် အစိုးရ အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ မထုတ်ပြန်မီ The Highways Act, 1907 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ၂၀၁၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်သော အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခု၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန် စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဤဥပဒေပါ သုံးငွေ များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ် သော အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခု၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(စ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဤဥပဒေအရ ခွင့်ပြု ထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၂၉၂.၆၀၆ | | | ၁၀၀၀.၀၀၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၄၃.၂၅၀ | | | | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၅၇၀ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၁၉၀ | | | | | | |
| | ပေါင်း | | | | ၁၃၃၆.၆၁၆ | | | ၁၀၀၀.၀၀၀ | | | |

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၆၁.၆၆၆ | | ၂၂၉၂.၆၀၆ | ၅၅၁၉.၁၃၉ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၆၄.၂၆၁ | | | ၅၉၁.၉၉၀ | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၇၇၁.၉၀၅ | | | ၁.၁၀၀ | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)။　　။အဆုံး

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၃၇၄,၄၆၁ | | | ၀, ၀၀ | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၇၂,၇ ၁ | | | ၁၁,၄၀၀ | | | |
| | ပေါင်း | | ၃၀၄၅,၀၇၄ | | ၂၂၉၂,၆၀၆ | ၆၁၂၄,၄၂၉ | | | |

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများသုံးစွဲမှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၆၁၀.၉၆၀** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၆၁၀.၉၆၀ | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | |
| | ၃ | သယ်ယူပို့ဆောင်ရေးအခွန် | | | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | **၃၃၇၇.၇၈၀** | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၂၇၂၁.၂၂၁ | | | | | | | | |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၀.၁၃၈ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၂၂၄.၆၉၄ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၃၁.၇၂၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၀၀.၀၀၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင် သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၄င်း | **၆၈၀.၈၉၃** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၇၃.၆၇၄ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၀၇.၂၁၉ | | | | | | | | |
| ၄ | | တိုင်းဒေသကြီး၏ စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၄င်း | | | | | | | | | |

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၄.၆၉၇** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး | | | | ၄.၆၇၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး | | | | ၀.၀၂၅ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၆.၀၃၃** | | | | | | |
| | ၁ | သမဝါယမ | | | | ၅.၂၁၃ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း | | | | ၀.၈၂၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၁၅၈.၅၇၈** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေး | | | | ၁၅၀.၄၈၃ | | | | | | |
| | ၂ | စိုက်ပျိုးရေး | | | | ၃.၁၈၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေး | | | | ၄.၉၁၅ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၂၀.၀၀၅** | | | | | | |
| | ၁ | ငါးလုပ်ငန်း | | | | ၈.၂၂၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး | | | | ၁၁.၀၂၅ | | | | | | |
| | ၃ | ပျားလုပ်ငန်း | | | | ၀.၇၆၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | **၁၉.၇၈၄** | | | | | | |
| | ၁ | သစ်တော | | | | ၁၉.၄၇၅ | | | | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး | | | | ၀.၃၀၉ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၀.၀၅၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာ | | | | ၀.၀၅၀ | | | | | | |

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့ အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၁၉၂.၇၃၆** | **၀.၉၅၀** | | | **၅၈၉၂၃.၃၉၄** | | **၁၁၇.၉၀၂** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း | | | ၁၉၂.၇၃၆ | ၀.၉၅၀ | | | ၅ ၉၂၃.၃၉၄ | | ၁၁၇.၉၀၂ | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု** | | | | **၀.၀၆၉** | | | | | | |
| | | စီမံကိန်းရေးဆွဲရေး | | | | ၀.၀၆၉ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | | | | **၇၂.၉၇၆** | | | | | | |
| | | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး | | | | ၇.၉၇၆ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၅.၀၀၀ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | | | | **၁၄၂.၉၇** | | | | | | |
| | | ပေါင်း | | ၄၆၆၉.၆၃၃ | ၁၉၂.၇၃၆ | ၄၂၆.၀၃၉ | | | ၅ ၉၂၃.၃၉၄ | | ၁၁၇.၉၀၂ | |

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၇၉၅၀.၂၇၀** | | **၂၀.၀၀၀** | **၂၀၉၀.၅၅၄** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး | | ၇၀၂၉.၇၁၄ | | ၂၀.၀၀၀ | ၂၀၀၀.၇၇၉ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး | | ၁၂၀.၅၆၄ | | | ၉၇.၇၇၅ | | | |
| ၂ | | **သမဝါယမ** | | **၁၂၀၁.၉၅၄** | | | **၂၀၆၁.၇၇၂** | | | |
| | | အသေးစားစက်မှုလက်မှုလုပ်ငန်း (အထက်တန်းရက်ကန်းကျောင်း–မုံရွာ) | | ၂၃.၀၀၀ | | | ၀.၁၀၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | | **၄၃၁၉.၄၀၉** | | | **၃၀၁.၁၅၀** | | | |
| | | ရေအရင်းအမြစ်အသုံးချရေး | | ၂၃၃၁.၄၆၅ | | | | | | |
| | ၂ | စိုက်ပျိုးရေး | | ၁၂၀၇.၃၂၄ | | | ၁၄.၆၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေး | | ၇၀၀.၇၀၀ | | | ၂၀၆.၅၅၀ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | | **၆၀၂.၆၃၁** | | | **၁၅၅.၇၀၀** | | | |
| | | မွေးမြူရေးနှင့်ကုသရေး | | ၃၉၃.၄၃၃ | | | | | | |
| | ၃ | ပျားလုပ်ငန်း | | ၇၀.၉၀၀ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | | **၂၁၇၉.၀၅၆** | | | **၄.၅၃၀** | | | |
| | | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး | | ၅၅၀.၀၂၀ | | | ၄.၅၃၀ | | | |

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၄)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **အားကစား** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၂၆ .၇၉၈** | | | **၂ .၈၉၉** | | | |
| | ၁ | အားကစားနှင့်ကာယပညာ | | ၂၂၆ .၇၉၈ | | | ၂ .၈၉၉ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | **၈၂ .၀၄၉** | | | **၁၇၅ .၉၆၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း | | ၈၂ .၀၄၉ | | | ၁၇၅ .၉၆၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု** | ၎င်း | **၆၁၀ .၀၄၇** | | | **၇ .၃၁၅** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေး | | ၆၁၀ .၀၄၇ | | | ၇ .၃၁၅ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၂၉၈၀၇ .၅၀၅** | | | **၁၃၆၁ .၂၈၁** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး | | ၈၅ .၀၂၉ | | | ၁၃၆၁ .၂၈၁ | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၂၉၇၂၂ .၄၇၆ | | | | | | |
| ၁၀ | | **အလုပ်သမား** | ၎င်း | **၃၃ .၅၅၁** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၃၃ .၅၅၁ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၃၅၁၇ .၆၁၉** | | | **၅၉၁၉ .၇၆၀** | | | |
| | | ပေါင်း | | **၅၀၆၉၀ .၉၇၇** | | **၂၀ .၀၀၀** | **၁၂၈၈၈ .၉၂၁** | | | |

**တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၃၁ .၁၁၀** | | | | | | |
| | | | | | | ၃၁ .၁၁၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင် | | | | | | | | | | |
| ၂ | | **သတ္တုတွင်း** | ၄င်း | | | **၆ .၀၆၂** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ | | | | ၆ .၀၆၂ | | | | | | |
| | | ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး | | | | | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၄င်း | | | **၂၉၇၃၂ .၄၂၆** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေး | | | | ၂၉၇၃၂ .၄၂၆ | | | | | | |
| | | **ပေါင်း** | | | | **၂၉၇၆၉ .၅၉၈** | | | | | | |

**တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

ဇယား(ဖ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၂.၄၃၃** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင် | | ၃၂.၄၃၃ | | | | | | |
| ၂ | | **သတ္တုတွင်း** | | **၃၀.၉၇၀** | | | | | | |
| | | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး | | ၃၀.၉၇၀ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | | **၂၈၉၁၃.၆၇**<br>၈ ၈ | | | **၂၉၆.၈**<br>၈ | | | |
| | | **ပေါင်း** | | **၂၈၉၇၇.၀၈၁** | | | **၂၉၆.၃၀** | | | |

# ၂၀၁၃-၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ် **တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း**ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ကာလတစ်ရပ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုလိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ ၁၄ ခုကို လုပ်ငန်းသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့၍ အောက်ပါအတိုင်း သတ်မှတ်ထားခြင်းကို ဆိုလိုသည် -

(၁) လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ ပါဝင်သည်။

(၂) စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ ပါဝင်သည်။

(၃) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ တနင်္သာရီ တိုင်းဒေသကြီး၏ စီမံကိန်းလျာထားချက်များကို အောက်ပါအတိုင်း ဆောင်ရွက်သည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံ နှစ်အပေါ် အဆအားဖြင့် ၁.၄၉ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၅၈.၃ ရာခိုင်နှုန်းမှ ၅၆.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၁၄.၀ ရာခိုင်နှုန်းမှ ၁၄.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၂၇.၇ ရာခိုင်နှုန်းမှ ၂၉.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေခြင်း၊

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၇.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၄.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၉.၅ ရာခိုင်နှုန်း အသီးသီး တိုးတက် စေခြင်း။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၆။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လယ်ယာကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို တိုးချဲ့ဆောင်ရွက်သွားရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) အကျိုးပြု ဆည်မြောင်းတာတမံများအား ထိန်းသိမ်းပြုပြင်သွားရန်နှင့် လိုအပ်ချက်နှင့်အညီ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၆) အကျိုးပြုဧရိယာ ၆၅၀ ဧကနှင့် မြိတ်မြို့သစ် စက်မှုလုပ်ငန်းသုံး ရေချိုရရှိရေးအတွက် ပင်းအိုရေလှောင်တမံစီမံကိန်းတစ်ခုအား အကြိုတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊

(၈) မြစ်ရေတင်လုပ်ငန်း ၁၁ ခု၏ အကျိုးပြုဧက ၂၁၀၀ ပြည့်မီရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်၊

(၉) ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်စိုက်ဧက တိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး တောင်သူများအား နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရန်၊

(၁၀) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ၊ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာပြုစုခြင်း၊ မြေယာ အသုံးချမှုစာရင်းများ မှန်ကန်စွာပြုစုခြင်း၊ လယ်ယာမြေဥပဒေနှင့်အညီ တောင်သူလယ်သမား များ၏ ဥပဒေပါ အခွင့်အရေးများ ရရှိရေးနှင့် အကာအကွယ်ပေးနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်ခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကွင်းပေါင်း ၄၄ ကွင်း၊ ဧက ၂၄၇၃၃ တိုင်းတာ ဆောင်ရွက်ခြင်း၊

(၂) မြေအသုံးချဌာနခွဲမှ မြေဆီလွှာကောင်းအောင် ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ထုံးထည့်ခြင်း၊ စံပြကွက်၊ ကျောက်မှုန့်ထည့်ခြင်း၊ စပ်းသပ်ကွက်အရိုးမှုန့် မြေသြဇာထည့်ခြင်း၊ စံပြကွက်၊ ဆီအုန်းကြိတ်ဖတ် စံပြကွက်များပြုလုပ်၍ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ စမ်းသပ်ကွက် များတွင် ဆားငန်ခံစပါးမျိုးစမ်းသပ်ကွက်၊ ရေမြုပ်ခံစပါးစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊

(၃) စိုက်ပျိုးရေးပညာပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သီးနှံပိုးမွှား ကာကွယ်ရေးသင်တန်းများ၊ မိုးစပါးနည်းပညာပေးသင်တန်းများ တိုင်းဒေသကြီးအတွင်း ဖြန့်ကြက်ဆောင်ရွက်ခြင်း၊

(၄) အထူးအထွက်တိုးစပ်မျိုးစပါး ပုလဲသွယ်ကို ဒေသဆန်ဖူလုံမှု ပိုမိုရရှိလာအောင် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ငွေကြေးညှိနှိုင်းကာ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဝေဒီ မျိုးသန့်ခြံတွင် ၅ ဧက စမ်းသပ်စိုက်ပျိုး ထုတ်လုပ်ရန် ဆောင်ရွက်ခြင်း၊

(၅) တိုင်းဒေသကြီးအတွင်း နွေစပါးနှင့် အခြားသီးနှံများ ရေပေးဝေရန်အတွက် ရေထိန်းတံခါး ပြင်ဆင်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းနှင့် ဌာနထိန်းရေငန်တားတမံများအား ပုံစံကျ ပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) မြစ်ချောင်းများမှရေကို စိုက်ပျိုးရေပေးဝေရန်အတွက် ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၇) မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၁၀၉၇၅ သိန်းနှင့် ဆောင်းရာသီ စိုက်ပျိုး စရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၃၂၂၂ ထုတ်ချေးပေးရန် လျာထားခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေး အတွက် အကျိုးပြုဧက ၁၅၇၀ အတွက် လုပ်ငန်း ၄ မျိုး ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၇။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သားငါးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ။** ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းတတိယနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၈.၈ ရာခိုင်နှုန်း တိုးတက် စေရန်၊

(၂) ပြည်တွင်းအသားစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရန်၊

(၃) လယ်ယာကဏ္ဍ လိုအပ်ချက်နှင့်အညီ ခိုင်းကျွဲ၊ ခိုင်းနွားကောင်းများ ထုတ်လုပ်မွေးမြူ ထိန်းသိမ်းရန်၊

(၄) တိရစ္ဆာန်ကောင်ရေ အရင်းအမြစ်များ မပြုန်းတီးရေးနှင့် တိုးပွားရေး၊ ဒေသရေမြေ၊ ရာသီဥတုတို့နှင့်ကိုက်ညီသည့် မျိုးဗီဇရှိတိရစ္ဆာန်များ ဖော်ထုတ်ထိန်းသိမ်းမွေးမြူရန်၊

(၅) ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို တစ်ပိုင်တစ်နိုင် မွေးမြူထုတ်လုပ်ဖွံ့ဖြိုးမှုအရ အထောက် အကူပြုရန်၊

(၆) မွေးမြူထုတ်လုပ်မှုများကို အရည်အသွေးအရ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုအဆင့် အတန်းနှင့် ညီညွတ်မှုရှိရန်၊

(၇) အရင်းအနှီးတတ်နိုင်သူများအား စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး အားပေးကူညီရန်နှင့် ရင်းနှီး မြှုပ်နှံမှုအတွက် စည်းရုံးဖိတ်ခေါ်ခြင်းကို တိုးတက်ဆက်သွယ်ဆောင်ရွက်ရန်၊

(၈) တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ တိရစ္ဆာန်ကျန်းမာရေး ဆိုင်ရာသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိရန်၊

(၉) မွေးမြူကုန်ထုတ်မှုဆိုင်ရာလူမှုစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပြည်ပ ဆက်သွယ်ရေး တိုးမြှင့်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ခြင်း၊

(၂) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနအနေဖြင့် အနုစိတ်ဓာတ်ခွဲခန်း များကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်းအသားစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရန် -

(ကက) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခခ) ပြည်တွင်းပြည်ပမှအရင်းအနှီးများ၊ နည်းပညာများရယူ၍ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်၊ ပူးပေါင်းဆောင်ရွက်ရန် အလားအလာကောင်းသော လုပ်ငန်းနယ်ပယ်များ ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးပွဲများ ပြုလုပ်၍ ရရှိသည့်ဖော်ထုတ်ချက်များအရ လုပ်ငန်းစဉ်များ ချမှတ်ကာ အားပေးကူညီခြင်း၊ အထူးသဖြင့် နို့စားနွားမွေးမြူခြင်းနှင့် အသားတိုးနွားမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂဂ) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုတွင် တင်ပို့သူများကိုယ်တိုင် မွေးမြူခြင်း၊ တင်ပို့သူများက မွေးမြူသူအစုအဖွဲ့များသို့ နည်းပညာနှင့်အရင်းအနှီးများ ဖြည့်ဆည်းထောက်ပံ့၍ ဝယ်ယူတင်ပို့ခြင်းစနစ်သို့ ရောက်ရှိလာစေရေး ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဃဃ) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(ငင) မွေးမြူမှု၊ ပြုပြင်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုနှင့် စားသုံးမှုဆိုင်ရာအခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်ခြင်း။

(၅) တိရစ္ဆာန်ကူးစက်ရောဂါများ၊ လူကိုကူးစက်နိုင်သော တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပသက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် -

(ကက) ရန်ပုံငွေရရှိမှုအခြေအနေအရ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း မရှိသေးသည့်ဒေသများတွင် ဦးစားပေးအစီအစဉ်အလိုက် ဓာတ်ခွဲခန်းများ တိုးချဲ့တည်ထောင်ခြင်း၊

(ခခ) ရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးဓာတ်ခွဲခန်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဂဂ) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းလုပ်ငန်းများ ပိုမိုစနစ်တကျရှိစေရေးအတွက် နယ်စပ်စစ်ဆေးရေးစခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း။

(၆) အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းသော တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရာတွင် -

(ကက) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရေး ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးရေးအတွက် အသိပညာဖြန့်ဖြူးခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊

(ခခ) စံချိန်စံညွှန်းပြည့်မီသည့် သားသတ်ရုံများ၊ ကုန်ချောပြုပြင်ထုတ်လုပ်ရေးစက်ရုံ၊ အလုပ်ရုံများ၊ ကုန်စည်ပို့ဆောင်သည့်စနစ်များ ထူထောင်နိုင်ရေးအတွက် နည်းပညာအရ အားပေးကူညီဆောင်ရွက်ခြင်း၊

(ဂဂ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃဃ) တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း။

(၇) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွေးမြူရေးကဏ္ဍ အတွက် ကုသရေးရုံးတစ်ရုံး တည်ဆောက်ခြင်း၊ မွေးမြူရေးခြံ ၅ ခြံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၈။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သစ်တောကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီ ဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(၂) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးရေး၊

(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူ အများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၄) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၅) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၆) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး။

(ခ) **ရည်မှန်းချက်။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊

(၂) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်ခြင်း၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားဖြစ်စိုက်ခင်းများ တည်ထောင်ခြင်း၊

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစားထိုး အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊

(၇) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၈) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်သစ်တောထွက် Annual Allowable Cut - AAC အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ခြင်း၊

(၉) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(၁၀) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၁) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(၁၂) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်ခြင်း၊

(၁၃) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ခြင်း၊

(၁၄) သစ်တစ်ပင်လုံးအသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၁၅) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ခြင်း၊

(၁၆) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သောသစ်လုံးကုန်ကြမ်း ရရှိရေး စီမံဆောင်ရွက်ခြင်း၊

(၁၇) ဖက်စပ်၊ ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား၊ ကုန်ကြမ်းများ ရောင်းချပေးရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၈) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေခြင်း၊

(၁၉) လူသုံးနည်းပါးသောသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂၀) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ် ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်နှင့် ပြည်တွင်း၊ ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား တက်ရောက် စေခြင်း၊

(၂၁) သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည့် အစိမ်းရောင်စီးပွားရေးကို ဦးတည်ဆောင်ရွက်ခြင်း၊

(၂၂) သစ်တောပြုန်းတီးခြင်း၊ သစ်တောအတန်းအစားနိမ့်ကျခြင်းမျိုး မဖြစ်စေရန်အတွက် ကာဗွန် ထုတ်လုပ်မှုလျှော့ချခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခြင်း၊

(၂၃) ဒီရေတောထိန်းသိမ်းရေးနှင့် ပျက်စီးသွားသည့် ဒီရေတောများအား ဌာနနှင့်ပုဂ္ဂလိကတို့မှ ဒီရေတောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊

(၂၄) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့ကြသော ရွာစု၊ အိမ်ထောင်စုများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ စာရင်းကောက်ယူပြီး ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားပေးခြင်း။

၉။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **စွမ်းအင်ကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တိုးတက်တင်ပို့နိုင်မှုတို့အတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်။** ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်စည်ထောင်ပေါင်း ၃၉၃၆ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်စည်ထောင်ပေါင်း ၃၅၄၅ ထုတ်လုပ်ရန်၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကုဗပေသန်း ၁၃၆၅၄၀ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုဗပေသန်း ၁၃၈၉၆၉ ထုတ်လုပ်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်း၊

(၂) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်စေခြင်း။

၁၀။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ**နှင့် စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) နိုင်ငံတော်၏ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ဦးတည်ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှ တင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၄) နိုင်ငံတော်၏လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တုများကို စနစ်တကျ ထုတ်လုပ်စုဆောင်းထားရှိသွားရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် မြန်မာ့ပုလဲများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက် စေရန် စီမံဆောင်ရွက်ခြင်း၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ခြင်း၊

(၅) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊

(၆) ပုလဲအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသနလုပ်ငန်း များကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ခြင်း။

၁၁။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **စက်မှုလက်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) တိုင်းဒေသကြီး၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစေသော စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးသက်ရောက်မှုတို့ကို ထိရောက်စွာ သုံးစွဲရေးအတွက် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ကုန်ပစ္စည်းထုတ်လုပ်မှုနည်းစဉ်များမှ ရရှိသော ထုတ်လုပ်မှုနည်းစနစ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့်ပေါင်းစပ်၍ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေရေး။

(ခ) **ရည်မှန်းချက်များ**

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အသုံးစရိတ်၊ ကုန်ကျစရိတ်များ လျော့နည်းစေရန်နှင့် လေလွင့်ပြုန်းတီးမှုမရှိစေရန်၊

(၄) ရုံးလုပ်ငန်းများ မြန်ဆန်သွက်လက်စေရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်း၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများဖြစ်စေရန် ကြပ်မတ်စစ်ဆေးခြင်း။

၁၂။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လျှပ်စစ်ဓာတ်အားကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊

(၂) တိုင်းဒေသကြီး၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအတိုင်းအတာနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၃) တနင်္သာရီတိုင်းဒေသကြီးတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ

ဖြည့်ဆည်းပေးရန်နှင့် ဓာတ်ငွေ့တာဘိုင်စက်များ ကြံခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး။

(ခ) **ရည်မှန်းချက်။** ပဉ္စမကာလတို ၅ နှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေး အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင် အထည်ဖော် တည်ဆောက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကော့သောင်းမြို့၌ တည်ဆောက်ပြီးဖြစ်သော ၈ မဂ္ဂါဝပ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအား စမ်းသပ်လည်ပတ်ခြင်း၊ ၁၁ ကေဗွီ ခွဲရုံနှင့် လိုင်းများတည်ဆောက်ခြင်း၊ ကော့သောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအထိ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ကံပေါက်-ထားဝယ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း၊

(၃) ထားဝယ်မြို့တွင် ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း၊

(၄) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စွမ်းအင်လုပ်ငန်း အတွက် အသေးစားရေအားလျှပ်စစ်စက်တစ်လုံးလျှင် ကီလိုဝပ်နာရီ တစ်သန်းရှိသော လုပ်ငန်းနှစ်ခု ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း။

၁၃။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် **ဆောက်လုပ်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းနှင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း များအား အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ ၁၈၀ အထက် တံတား ၇ စင်း (တည်ဆောက်ဆဲ တံတား ၃ စင်း၊ တည်ဆောက်ရန် တံတား ၄ စင်း) ဆက်လက်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံအဝန်း မြို့ပြဖွံ့ဖြိုး တိုးတက်ရေးမူဝါဒများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ် နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နိုင်ငံတကာနှင့် ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းသွား ကတ္တရာ ကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်း ကွန်ကရစ် တံတားအဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီးလမ်းများအား ယာဉ်သွားလမ်း အကျယ် ၁၂ ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ အမြဲတမ်း ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်ကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တနင်္သာရီတိုင်းဒေသကြီး၏ အတိုင်းအတာအရ မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေးဆောင်ရွက်ရန်၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသတွင်းလမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် ဒေသတွင်းဝေးလံ၍ သွားလာမှုခက်ခဲသောနေရာများအား ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ အထူးသဖြင့် နယ်စပ်ဒေသတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးမှုရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နှစ်အလိုက် ဒေသန္တရဖွံ့ဖြိုးရေးအတွက် စီမံကိန်းများချမှတ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းမကြီးများ၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသကြီးလမ်းများ ဆောင်ရွက်ခြင်း၊

(၂) အမြဲတမ်းကွန်ကရစ်တံတားကြီးငယ် စုစုပေါင်း ၈၈ စင်း ဆောင်ရွက်ရန်နှင့် ပေ ၁၈၀ အထက် တံတား ၇ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အောက် တံတား ၁၁ စင်း၊ ပေ ၅၀ အောက် တံတား ၇၀ စင်း တည်ဆောက်ခြင်း၊

(၃) တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော် ထားဝယ်မြို့ အပါအဝင် အခြားမြို့များ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ပြီး နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊

(၄) တိုင်းဒေသကြီးအစိုးရက သီးခြားတာဝန်ပေးလာသော အထူးစီးပွားရေးဇုန်တည်ဆောက်ရေး စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသတွင်း ဆက်သွယ်ရေးလမ်းများ အထူးသဖြင့် နယ်စပ်ဒေသများရှိ အခြားနိုင်ငံများနှင့် ပြည်ထောင်စုလမ်းမကြီးမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး စီမံကိန်းချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ဇာဒက်ကြီးကျွန်းပတ်လမ်း အပါအဝင် ဒေသတွင်း၌ မြေသားလမ်းဖောက်လုပ်ခြင်းနှင့် မွမ်းမံခြင်း ၅၀ မိုင်၊ ကျောက်လမ်း ၂၀ မိုင် ဖောက်လုပ်ခြင်း၊

(၆) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံတားလုပ်ငန်းကဏ္ဍအတွက် ပေ ၅၀၀ အထက်တံတားတစ်စင်း၊ ပေ ၂၀၀ အထက် တံတားတစ်စင်း၊ ပေ ၁၀၀ အထက်တံတား ၈ စင်း၊ ပေ ၅၀ အထက် တံတား ၄ စင်း၊ ပေ ၅၀ အောက် တံတား ၁၂ စင်း တည်ဆောက်ခြင်း၊

(၇) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရရှိရေးကဏ္ဍအတွက် စက်ရေတွင်း လက်တူးရေတွင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောက်ရွက်ပေးလျက်ရှိပြီး လုပ်ငန်း ၈ ခု ဆောင်ရွက်ခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၁၀ လုံး ဆောက်လုပ်ပေးခြင်း။

၁၄။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ပို့ဆောင်ရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(၂) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ၏ ပို့ကုန်၊ သွင်းကုန်များ လျင်မြန်သွက်လက်စေရေးနှင့် ခေတ်မီရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းများ တည်ဆောက်နိုင်ရန် ဆောင်ရွက်ရေး၊

(၃) လေယာဉ်ကြီးများ ဆင်းတက်ပျံသန်းနိုင်ရန်အတွက် ခေတ်မီတိုးတက်သော နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ် ထားဝယ်လေဆိပ်အား တိုးချဲ့တည်ဆောက်သွားရေး၊

(၄) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး၊

(၅) နိုင်ငံတော်အဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၆) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေး မြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၇) ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက်အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန်၊

(၂) ဒေသအတွင်း ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ် ဂျီဒီပီတိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်၊

(၃) တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဒေသအတွင်းရှိ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ ပြုပြင်ခြင်း၊ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ဆိပ်ခံဖောတံတားများ၊ ဖော်ယာများ အကြီးစား ပြုပြင်

မွမ်းမံခြင်း၊ ထားဝယ်ရေနက် ဆိပ်ကမ်းပြီးစီးပါက နိုင်ငံခြားသင်္ဘောကြီးများ ဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) တိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ၊ လေဆိပ်အဆောက်အဦ တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၄) ဒေသအတွင်း ရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခြင်း၊

(၅) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(၆) ရထားလမ်းဟောင်းများအား ဇလီဖား အသစ်လဲလှယ်ခြင်း၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ခြင်း၊

(၇) ထားဝယ်-မြိတ်ရထားလမ်းပိုင်းရှိ ကျန်ရှိနေသောရထားလမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ခြင်း။

၁၅။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ဆက်သွယ်ရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၅) မြန်နှုန်းဖြင့် အင်တာနက်အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၅. ၁၇ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၃၄. ၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ အင်တာနက် ထိုးဖောက်သုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်ဆောင်ရွက်ရန်၊

(၃) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်သွယ်ရေးကဏ္ဍအတွက် ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ် လိုင်း ၁.၀၈ သိန်း စီမံကိန်းကို ပြီးစီးအောင်ဆောင်ရွက်ပြီး ဒုတိယနှစ် လိုင်း ၁.၅ သိန်း စီမံကိန်းကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အော်တိုတယ်လီဖုန်းစနစ်အား ပြည်သူသုံး တယ်လီဖုန်းကွန်ရက် အိတ်ချိန်းများဖြင့် အဆင့်မြှင့်အိတ်ချိန်းများဖြစ်စေရန် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊

(၃) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ မြန်နှုန်းမြင့်အင်တာနက် သုံးစွဲနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(၄) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အားတိုင်းဒေသကြီးအဆင့် စာတိုက်များ၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၅) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊

(၆) ဖက်စ်ကြေးနန်း၊ ကွန်ပျူတာကြေးနန်းနှင့် အီလက်ထရောနစ်ကြေးနန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊

(၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့် GSM အခြေစိုက်စခန်းများကို ဆက်လက်တည်ဆောက်ခြင်း၊

(၈) 96 Core Fiber ဆက်ကြောင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဒေသရှိ မိုဘိုင်းတယ်လီဖုန်းများ မြန်နှုန်းမြင့် အင်တာနက်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း။

၁၆။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ငွေရေးကြေးရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါဝင်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နိုင်ငံတော်မှကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များအရလည်းကောင်း၊ နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဘဏ်များက လိုက်နာဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရန်၊

(၂) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၃) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးအတွက် လျင်မြန်သည့်နည်းစနစ် အသုံးပြုဆောင်ရွက်ခြင်း၊

(၅) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ဘဏ်သို့ လာရောက်သည့် Customer များအား ငွေသွင်းငွေထုတ်ကိစ္စရပ်များ၊ ချက်လက်မှတ်ဖြင့် စာရင်းလွှဲပြောင်းခြင်းပြုသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြန်ဆုံးလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ခြင်း၊

(၆) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းထားရှိပြီး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျရေရှည်ဆောင်ရွက်သွားနိုင်ရေး၊ ဥပဒေစည်းမျဉ်းနှင့်အညီ တရားဝင်ဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်ရေးတို့ကို လိုင်စင်များ ထုတ်ပေးကာ ကြီးကြပ်ကွပ်ကဲခြင်း။

၁၇။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**နှင့် စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီတိုးတက်ရရှိရေး၊

(၇) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၈) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့်မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး၊

(၉) နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားပေးရေး၊

(၁၀) ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်မှ ချမှတ်ပေးသည့်အတိုင်း တက်ကြွစွာဖော်ဆောင်ရေး၊

(၁၁) အထက်ပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဌာနများက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ပညာရေးကဏ္ဍတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၂) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပညာရေးလုပ်ငန်းအတွက် စာသင်ကျောင်းများ ဆောက်လုပ်ပေး၍ ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးရန်၊

(၃) တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊

(၄) ကျန်းမာရေးအခြေခံအဆောက်အဦများ တိုးတက်ဖြည့်ဆည်းရန်၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံဆေးပေးခန်းများ ဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများကို လိုအပ်ချက်အရ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဥပဓိရုပ်မကောင်းသော အခြေခံပညာကျောင်းဆောင်များ ပြုပြင်ခြင်း၊ အန္တရာယ်ရှိသော အခြေခံပညာကျောင်းဆောင်များ ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားနှင့် စာသင်ခန်းဦးရေ အချိုးမမျှတသော အခြေခံပညာကျောင်းများအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊

(၂) ကျောင်းသားဦးရေ ၇၀ လျှင် သန့်စင်ခန်း တစ်ခန်းနှုန်းရှိစေရန် ရေလောင်းအိမ်သာများ ဆောက်လုပ်ပေးခြင်း၊

(၃) စာရေးခုံ၊ ထိုင်ခုံမလုံလောက်သော အခြေခံပညာကျောင်းများအတွက် စာရေးခုံ၊ ထိုင်ခုံ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(၄) သိပ္ပံခန်းမရှိသည့် အခြေခံပညာအထက်တန်းကျောင်းများအတွက် သိပ္ပံခန်းများ တပ်ဆင်ပေးခြင်း၊

(၅) ကွန်ပျူတာသင်ခန်းစာများ သင်ကြားနိုင်ရေးအတွက် ကွန်ပျူတာနှင့် လက်(ပ်)တော့များ ဖြည့်ဆည်းပေးခြင်း၊

(၆) ကိုယ့်အားကိုယ်ကိုး အခြေခံပညာကျောင်းများ၊ တွဲဖက်အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့်ပေးခြင်း၊

(၇) ရာထူးအဆင့်ဆင့်တိုးမြှင့်ပေးသောကြောင့် လစ်လပ်ထွက်ပေါ်လာသော မူလတန်းပြနေရာတွင် ဒေသခံ နေ့စားဝန်ထမ်း မူလတန်းပြဆွဲခန့်ဆရာများ ဖြည့်ဆည်းခန့်ထားပေးခြင်း၊

(၈) လစ်လပ်လျက်ရှိသောကျောင်း၊ ရုံးဝန်ထမ်းများ၊ ဖြည့်စွက်ခန့်ထားပေးခြင်း၊

(၉) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပညာရေးလုပ်ငန်းအတွက် အခြေခံပညာမူလတန်းကျောင်း ၂၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၀) ဒေသပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ခံယူမှု တိုးတက်ရရှိရေးအတွက် ကျန်းမာရေးဌာန ဖွဲ့စည်းပုံများ ဖြည့်ဆည်းပေးခြင်း၊

(၁၁) တိုက်နယ်ဆေးရုံများ ဆောက်လုပ်ပေးခြင်း၊

(၁၂) ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးခြင်း၊

(၁၃) ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊

(၁၄) နိုင်ငံတော်မှ ထောက်ပံ့သော ဆေးဝါးများအား လူနာများအခမဲ့ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၁၅) နိုင်ငံတော်မှ ထောက်ပံ့သော ဆေးဝါးဝယ်ယူရေး အသုံးစရိတ်များဖြင့် အရေးပေါ် ဆေးရုံတက်ရောက်ကုသသော လူနာများနှင့် ဆင်းရဲနွမ်းပါးလူနာများအား အခမဲ့ဆေးဝါးများ ပံ့ပိုးရရှိနိုင်ရေး၊ ထားဝယ်နှင့်မြိတ် အထွေထွေရောဂါကုဆေးရုံကြီးများတွင် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၁၆) ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၇) လူမှုဖူလုံရေးဦးစီဌာနမှ ကော့သောင်းမြို့တွင် လူမှုဖူလုံရေးရုံး ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းအတွက် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၀ ရုံနှင့် ထုတ်လွှင့်စက်များ တပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် စာကြည့်တိုက်နှစ်ခု ဆောက်လုပ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(၁၉) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သာသနာရေး လုပ်ငန်းအတွက် ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် ဓမ္မာရုံတစ်ရုံ ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၂၀) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျန်းမာရေး လုပ်ငန်းအတွက် ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းတစ်ခန်း၊ ကျေးလက်ကျန်းမာရေး ဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခု ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း။

၁၈။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ဝန်ဆောင်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) အာဆီယံစီးပွားရေးအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊

(၃) ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြားဝန်ဆောင်မှု ကဏ္ဍများအတွက် လုပ်ငန်းကော်မတီ ၁၃ ခုဖြင့် ဆပ်ကော်မတီအလိုက် ဒေသန္တရ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(၂) သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ အပါအဝင် ပြည်ပခရီးသွားလုပ်ငန်း မြှင့်တင် ဆောင်ရွက်ရန်၊

(၃) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၄) ခရီးသွားလုပ်ငန်းအပေါ် အခြေပြုသည့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ပေါ်ပေါက် လာစေရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ခရီးသွားလုပ်ငန်းတွင် အရေးပါသည့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ခရီးသည်ပို့ဆောင်ရေးနှင့် ခရီးသည်များ၏လုံခြုံရေးကိစ္စများ ဆောင်ရွက်ခြင်း၊

(၃) ကော့သောင်းနယ်စပ်မှ မြိတ်မြို့နှင့် ထားဝယ်မြို့သို့ လည်ပတ်လိုသည့် နိုင်ငံခြားသားများ အတွက် ဗီဇာနှင့် ခွင့်ပြုချက်ပါမစ်များကို ဖြေလျှော့ပေးပြီး ဆိုက်ရောက်ဗီဇာခွင့်ပြုနိုင်ရေး ဆောင်ရွက်ခြင်း၊

(၄) ခရီးသွားများ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် အဆင့် မြှင့်တင်ရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက် )

အမှတ် ၁၁ ။ ။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ၊ တကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၁၂/တကွင်းမြောက်)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ **(၈. ၈၇)** ဧကရှိမြေအား **"လွယ်ခမ်းကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် )

အမှတ် ၁၂ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စံပြရပ်ကွက်)၊ မြေကွက်အမှတ် (၁၄)၊ **မြေဧရိယာ (၀. ၁၂၆) ဧကရှိ**မြေအား **ဝိသုဒ္ဓါရာမ ပရိယတ္တိစာသင်တိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၁၃ ။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ကွင်းအမှတ် (၁၇/ဗိုလ်တထောင် ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၀/၈၉၃) မှ **မြေဧရိယာ (၁. ၁၃၃) ဧကရှိ**မြေအား **ဗိုလ်တထောင်စေတီ** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက် )

အမိန့်အမှတ် ၂၈/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အမှုထမ်း (၂) ဦးအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ အစည်းအဝေးမှလည်း အတည်ပြုပြီး ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အရာထမ်းများအဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) အ/၈၃၂၀၆ အလုပ်ရုံစုမှူး (ပြင်ထိန်း) ဦးအောင်ဝင်း အလုပ်ရုံခွဲမှူး (ပြင်ထိန်း) တပ်မတော်စည်သွတ်စက်ရုံ (မန္တလေး)

(၂) အ/၈၆၃၃၆ အလုပ်ရုံစုမှူး (ဘဏ္ဍာရေး) ဦးတင်ဦး အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) တပ်မတော်စည်သွတ်စက်ရုံ (မန္တလေး)

## (ကြည်းတပ်ဌာနခွဲ)

အမှတ် ၂၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

၁။ ကြည်အောင် ကြည်း ၆၅၅၉၆

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၃၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

၁။ ဇာမဲခေါင်ဆင် ကြည်း ၆၅၅၉၇
၂။ စိုင်းငွေးနိုင် ကြည်း ၆၅၅၉၈
၃။ အေးဝင်း ကြည်း ၆၅၅၉၉
၄။ စန်းလှိုင် ကြည်း ၆၅၆၀၀

**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

အမှတ် ၃၅/၂၀၁၃ ။    ။ အောက်ဖော်ပြပါ အမှတ်စဉ် (၁၁၆) ဗိုလ်လောင်းသင်တန်းတွင် တက်ရောက်သင်ကြား အောင်မြင်ခဲ့ကြသော ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | စိုးသူ | ကြည်း | ၆၅၆၀၄ |
| (၂) | ထိန်လင်းဒွေး | ကြည်း | ၆၅၆၀၅ |
| (၃) | မျိုးညွန့်ထွေး | ကြည်း | ၆၅၆၀၆ |
| (၄) | အောင်ဖုန်းကျော် | ကြည်း | ၆၅၆၀၇ |
| (၅) | ဉာဏ်ထွန်းအောင် | ကြည်း | ၆၅၆၀၈ |
| (၆) | နိုင်မင်းထွန်း | ကြည်း | ၆၅၆၀၉ |
| (၇) | ကျော်ကျော်မြင့် | ကြည်း | ၆၅၆၁၀ |
| (၈) | ကျော်ကျော်လွင် | ကြည်း | ၆၅၆၁၁ |
| (၉) | ရဲလင်းကျော် | ကြည်း | ၆၅၆၁၂ |
| (၁၀) | ဇော်ဇော်မျိုး | ကြည်း | ၆၅၆၁၃ |
| (၁၁) | ကျော်စွာမင်း | ကြည်း | ၆၅၆၁၄ |
| (၁၂) | မိုးသူအောင် | ကြည်း | ၆၅၆၁၅ |
| (၁၃) | ဖြိုးပြည့်အောင် | ကြည်း | ၆၅၆၁၆ |
| (၁၄) | ကျော်မျိုးခိုင် | ကြည်း | ၆၅၆၁၇ |
| (၁၅) | ရဲထွဋ်အောင် | ကြည်း | ၆၅၆၁၈ |
| (၁၆) | မင်းသက်စိုး | ကြည်း | ၆၅၆၁၉ |
| (၁၇) | ပြည့်စုံထက် | ကြည်း | ၆၅၆၂၀ |
| (၁၈) | ကောင်းထက်ကို | ကြည်း | ၆၅၆၂၁ |
| (၁၉) | တေဇာဦး | ကြည်း | ၆၅၆၂၂ |
| (၂၀) | ကျော်မျိုးဦး | ကြည်း | ၆၅၆၂၃ |
| (၂၁) | ဇော်ဟိန်း | ကြည်း | ၆၅၆၂၄ |
| (၂၂) | ရဲနိုင် | ကြည်း | ၆၅၆၂၅ |
| (၂၃) | ပြည့်ဖြိုးမောင် | ကြည်း | ၆၅၆၂၆ |
| (၂၄) | အောင်လင်းထက် | ကြည်း | ၆၅၆၂၇ |
| (၂၅) | ဟိန်းကိုကိုအောင် | ကြည်း | ၆၅၆၂၈ |
| (၂၆) | ဝင်းရွှေ | ကြည်း | ၆၅၆၂၉ |
| (၂၇) | ထွန်းလင်းကျော် | ကြည်း | ၆၅၆၃၀ |
| (၂၈) | ကိုကိုဦး | ကြည်း | ၆၅၆၃၁ |
| (၂၉) | ရန်မျိုးအောင် | ကြည်း | ၆၅၆၃၂ |
| (၃၀) | ဆန်းနိုင် | ကြည်း | ၆၅၆၃၃ |
| (၃၁) | အောင်ထွန်းလင်း | ကြည်း | ၆၅၆၃၄ |
| (၃၂) | စောမင်းလတ် | ကြည်း | ၆၅၆၃၅ |
| (၃၃) | ဇော်ထွန်း | ကြည်း | ၆၅၆၃၆ |

| | | | |
|---|---|---|---|
| (၃၄) | အောင်သူကျော် | ကြည်း | ၆၅၆၃၇ |
| (၃၅) | ကျော်သူလင်း | ကြည်း | ၆၅၆၃၈ |
| (၃၆) | ရာဇာငြိမ်း | ကြည်း | ၆၅၆၃၉ |
| (၃၇) | သန့်ဇင်ဝင်း | ကြည်း | ၆၅၆၄၀ |
| (၃၈) | အောင်သစ် | ကြည်း | ၆၅၆၄၁ |
| (၃၉) | သက်ဝင်းနောင် | ကြည်း | ၆၅၆၄၂ |
| (၄၀) | နိုင်လင်းထွဋ် | ကြည်း | ၆၅၆၄၃ |
| (၄၁) | အေးချမ်း | ကြည်း | ၆၅၆၄၄ |
| (၄၂) | သိန်းမင်းထွန်း | ကြည်း | ၆၅၆၄၅ |
| (၄၃) | ကိုကိုဝင်း | ကြည်း | ၆၅၆၄၆ |
| (၄၄) | မျိုးမင်းထွန်း | ကြည်း | ၆၅၆၄၇ |
| (၄၅) | ဇင်မင်းထက် | ကြည်း | ၆၅၆၄၈ |
| (၄၆) | အောင်သူ | ကြည်း | ၆၅၆၄၉ |
| (၄၇) | ရဲလင်းအောင် | ကြည်း | ၆၅၆၅၀ |
| (၄၈) | စိုင်းဇော်ဇော် | ကြည်း | ၆၅၆၅၁ |
| (၄၉) | လွင်မိုးဦး | ကြည်း | ၆၅၆၅၂ |
| (၅၀) | ကျော်ကျော်လင်း | ကြည်း | ၆၅၆၅၃ |
| (၅၁) | အောင်နိုင်စိုး | ကြည်း | ၆၅၆၅၄ |
| (၅၂) | နန်းဝင်း | ကြည်း | ၆၅၆၅၅ |
| (၅၃) | စိုးလွင် | ကြည်း | ၆၅၆၅၆ |
| (၅၄) | ဇော်ထက် | ကြည်း | ၆၅၆၅၇ |
| (၅၅) | ကျော်စွာမြတ်ခိုင် | ကြည်း | ၆၅၆၅၈ |
| (၅၆) | ကျော်ဟိန်း | ကြည်း | ၆၅၆၅၉ |
| (၅၇) | အောင်လွင်ဦး | ကြည်း | ၆၅၆၆၀ |
| (၅၈) | ရဲအောင် | ကြည်း | ၆၅၆၆၁ |
| (၅၉) | မျိုးမင်းအောင် | ကြည်း | ၆၅၆၆၂ |
| (၆၀) | ဟန်လင်းဆွေ | ကြည်း | ၆၅၆၆၃ |
| (၆၁) | ကျော်ဇင်မိုး | ကြည်း | ၆၅၆၆၄ |
| (၆၂) | ဇော်ထက် | ကြည်း | ၆၅၆၆၅ |
| (၆၃) | စရဲနောင်လွင် | ကြည်း | ၆၅၆၆၆ |
| (၆၄) | အောင်ဇေယျ | ကြည်း | ၆၅၆၆၇ |
| (၆၅) | သိန်းဇော်ဝင်း | ကြည်း | ၆၅၆၆၈ |
| (၆၆) | ချစ်ဌေးအောင် | ကြည်း | ၆၅၆၆၉ |
| (၆၇) | ဝေဖြိုးအောင် | ကြည်း | ၆၅၆၇၀ |
| (၆၈) | မျိုးသူထွန်း | ကြည်း | ၆၅၆၇၁ |
| (၆၉) | နေဝန်းသစ် | ကြည်း | ၆၅၆၇၂ |
| (၇၀) | သက်အေးထွန်း | ကြည်း | ၆၅၆၇၃ |
| (၇၁) | ထွန်းထွန်းဝင်း | ကြည်း | ၆၅၆၇၄ |
| (၇၂) | ချမ်းမြေ့စိုး | ကြည်း | ၆၅၆၇၅ |
| (၇၃) | စိုးသီဟ | ကြည်း | ၆၅၆၇၆ |
| (၇၄) | ဟိန်းမြတ်သူ | ကြည်း | ၆၅၆၇၇ |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်<br>( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### မြင့်မြတ်ယုစံ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

**MYINT MYAT YU SAN TRADING CO., LTD**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေး ဆုံးဖြတ်ချက်အရ **မြင့်မြတ်ယုစံ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MYINT MYAT YU SAN TRADING CO., LTD)** အား (၉-၅-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်
မန်နေးဂျင်းဒါရိုက်တာ
မြင့်မြတ်ယုစံ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ခင်ဇော်အောင်နှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်
## KHIN ZAW AUNG & BROTHERS CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေး ဆုံးဖြတ်ချက်အရ **ခင်ဇော်အောင်နှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက် (KHIN ZAW AUNG & BROTHERS CO., LTD)** အား (၉-၅-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်ဇော်အောင်
မန်နေးဂျင်းဒါရိုက်တာ
ခင်ဇော်အောင်နှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကျား ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီလီမိတက်
## TIGER FREIGHT FORWARDING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေး ဆုံးဖြတ်ချက်အရ **ကျား ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီလီမိတက် (TIGER FREIGHT FORWARDING CO., LTD)** အား (၉-၅-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆွေမြင့်
မန်နေးဂျင်းဒါရိုက်တာ
ကျား ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**Telecom Star Asia Co., Ltd**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **Telecom Star Asia Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - | ၁၇-၆-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တိုက်အမှတ် (၆)၊ အခန်းအမှတ် (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |

ဦးစိန်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**One Energize Centre Co., Ltd**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **One Energize Centre Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၉-၅-၂၀၁၃) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၁၇-၆-၂၀၁၃) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U San Aung
Managing Director
One Energize Centre Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

## LOYAL INTERNATIONAL (SERVICES) COMPANY LIMITED.

ဖျက်သိမ်းရန်ကြေညာချက်

၁။ **LOYAL INTERNATIONAL (SERVICES) COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၄-၅-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို (B.Com., C.P.A., LCCI., A.B.S.A) (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ခင်နှင်းစိုး
အုပ်ချုပ်မှုဒါရိုက်တာ
LOYAL INTERNATIONAL (SERVICES)
COMPANY LIMITED.

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
LOYAL INTERNATIONAL (SERVICES)
CO., LTD.
09-5057822, 09-5132325, 01-397008

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

## သန့်စင် ကုမ္ပဏီလီမိတက်

ကုမ္ပဏီဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သန့်စင် ကုမ္ပဏီလီမိတက်**အား (၁၅-၅-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဦးမြိုင် [B.Com (A.A), C.P.A] အမှတ် (၅၂)၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၇-၆-၂၀၁၃) နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခင်လတ်
မန်နေးဂျင်းဒါရိုက်တာ
သန့်စင် ကုမ္ပဏီလီမိတက်

ဦးမြိုင် [B.Com (A.A), C.P.A]
Accounting Auditing & Consultancy Services
No. 52, Ohbo Street, Kyimyindine Township, Yangon.
Ph : 513561

ပ၊ ၈၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၇-၅-၂၀၁၃။